ပထမနှစ်

ဝိဇ္ဇာ ဣ

ပဲခူးတက္ကသိုလ်
မြန်မာစာဌာန

ပထမပညာသင်ကာလစာမေးပွဲ၊ ၂၀၁၉ ခုနှစ်၊ မတ်လ

ပထမနှစ် — မ-၁၀၀၁

ဝိဇ္ဇာ၊ သိပ္ပံအထူးပြုအားလုံး — မြန်မာစာ

မေးခွန်းအားလုံးဖြေဆိုပါ။ — ခွင့်ပြုချိန် (၃)နာရီမေးခွန်း

၁။ နှစ်သက်ရာ တစ်ခု ကို ဖြေဆိုပါ။
(က) စကားချောက်ခွန်းလူ့ဥ္စထွန်းစကားပြေမှ ရရှိသော ဗဟုသုတများ
(ခ) အဝေးရောက်မင်းဦးအောင်ကြီးစကားပြေမှ မင်းမှုထမ်းများနန်းတော်တွင်နေထိုင်အမှုထမ်းကြပုံ

၂။ နှစ်သက်ရာ တစ်ခု ကို ဖြေဆိုပါ။
(က) နောင်ရိုးတိုက်ပွဲစကားပြေမှ သရုပ်ဖော်အရေးအသား
(ခ) အလုပ်ဂုဏ်စကားပြေမှ စာရေးသူ၏ တင်ပြပုံ

၃။ နှစ်သက်ရာ တစ်ခု ကို ဖြေဆိုပါ။
(က) ဝေဿန်းစန္ဒာပိုဒ်စုံရတုမှ စာဆို၏ရင်တွင်းခံစားချက်များ
(ခ) စည်းစိမ်ရှင်ကဗျာမှ ဆယ်အိမ်ခေါင်းမင်း၏ ဘဝ

၄။ နှစ်သက်ရာ တစ်ခု ကို ဖြေဆိုပါ။
(က) သဘင်မြင်းခင်းစစ်အင်ကျင်းကဗျာမှ စာဆို၏အရေးအဖွဲ့စွမ်းရည်
(ခ) တွေးမိတိုင်းကဗျာမှ စာဆို၏ အရေးအဖွဲ့စွမ်းရည်

၅။(က) ကြိုးပမ်း/ကျိုးပမ်း၊ ခမ်းနား/ခန်းနား၊ စိုပြည်/စိုပြေ၊ နေ့လည်/နေ့လယ်၊ ရိုင်းပင်း/ယိုင်းပင်း
-စာလုံးပေါင်းသတ်ပုံအမှန်ရွေးပါ။
(ခ) 'ဖက်'နှင့်'ဘက်' အသုံးကွဲပြားပုံကို သာဓကပြ၍ ဖြေဆိုပါ။
(ဂ) ကြော်ငြာစာ၏ အဓိပ္ပာယ်နှင့် ပါဝင်ရမည့်အချက်များကို ဖော်ပြပါ။

၆။(က) အနှစ်ချုပ်ပါ။

မကောင်းယုတ်ညံ့သောတရားဆိုးများ တိုးပွား၍လာသောအခါ အမျိုးသည်လည်း ပျက်စီး၍လာတတ်လေ၏။အမျိုးပျက်စီးသောအခါ အမျိုးတို့၏ အလေ့အကျင့်များသည် ပျက်ပြားဆုတ်ယုတ်လာလေ၏။ထိုစကားမှန်၏။မိမိတို့အမျိုးဆုတ်ယုတ်လေသည်ရှိသော် အမျိုး၏အလေ့အကျင့်ကိုပင် မကောင်းထင်၍လာတတ်၏။ထိုသို့မကောင်းထင်ခြင်းအားဖြင့် မိမိအမျိုးအလေ့အကျင့်ကို မလိုက်နာဘဲ လူမျိုးကွဲတို့၏အမှုအကျင့်ကို ကောင်းမွန်သည်ဟုထင်မှတ်စွာနှင့် ထိုအမှုအရာများအတုခိုးလေ၏။ဤကဲ့သို့အမျိုးကွဲတို့၏အကျင့်ကို အတုယူ၍ပြုကျင့်ခြင်းအားဖြင့် တစ်စတစ်စ မိမိတို့၏အမျိုးကို ဖျက်ဆီးသည်ပင်မည်၏။

ယခုအခါ ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ အမျိုးအလေ့ကိုညံ့ဖျင်းသည်ထင်၍ အမျိုးကွဲတို့၏ အလေ့ကို မွန်မြတ်စွာ လိုက်နာပြုကျင့်သောသူတို့သည် တစ်စတစ်စများ၍လာလေပြီ။ဤကဲ့သို့ အမျိုးအလေ့အကျင့်ကို များစွာလိုက်နာပြုကျင့်၍ သွားကြလျှင် မိမိတို့၏အမျိုးအပေါ်မှာအခြား အလေ့အကျင့်များ ထွန်းကားပြီးလျှင် မိမိတို့၏အလေ့အကျင့် ပျောက်ကွယ်တိမ်မြုပ်သွားလိမ့်မည်။

၆။(ခ) နှစ်သက်ရာ တစ်ခု ကို စာစီကုံးပါ။
(၁) မောင်မယ်သစ်လွင်ကြိုဆိုပွဲ
(၂) လူငယ်နှင့်အားကစား

* * * * * * * *